


အသစ်စက်စက် (စ/ဆုံး) လုံးချင်း ရုပ်ပြ
အခိုက်အတန့်ကမ္ဘာ
ကာတွန်း
မင်းသခင်


အသည်း • ၁ •
စကားသံ လုံးဝတိတ်ဆိတ်နေသည့် အခန်းထဲမှာ Air Con လေအေးစက် သံတိုးတိုးလေးကတောင် ကျယ်လောင် လွှန်းသည် ထင်မိသည် .... ...
MD ဆိုသည့် ပုဂ္ဂိုလ်ကြီးက.. ခုထိ စကားသံတစ်ခွန်းမှ မပြောသေးပါ.. မိုးစင် ကို ရှေ့က ထိုင်ခုံ မှာ ထိုင်ခိုင်း ထားကာ သုံးမိနစ်လောက် ကြာပြီထင်သည် .. ထိုအချိန်လေးကပဲ မိုးစင် အတွက် စိတ်ပင်ပန်း ဆင်းရဲလွှန်းပါသည် .... ..
၂


မင်းရဲ့ သင်တန်း အောင် လက်မှတ်တွေကို တွေ့ပြီပါပြီ ..
MD နှုတ်မှ ပထမဆုံး ထွက်ပေါ်လာသော စကားသံကြောင့် မိုးစင် ယောင်ယမ်း ခေါင်းညိတ်မိသည် ....
ဟုတ်..
မင်းရဲ့ အောင်လက်မှတ်တွေက လက်တွေ့မှာ အထောက်အကူပြုနိုင်ရဲ့လား..
အေးလေ.. ဒီအလုပ်တွေကို လက်တွေ့ မလုပ်ဖူးသေးတော့ မင်းရဲ့အရည်အချင်းကို ဘယ်သိနိုင်ဦးမှာလဲ ..
မျက်ဝန်းတွေက စားပွဲပေါ်ရှိ ဖိုင်တွဲတွေကို တစ်ရွက်ချင်း လှန်ကြည့်ကာ..သူမကို မကြည့်ဘဲ ပြောနေတာ ဖြစ်သည် .... ..



အခုမှ လူကိုယ်တိုင် မြင်ဖူးသော ကုမ္ပဏီ ပိုင်ရှင် မန်နေဂျင်းဒါရိုက်တာ ဦးဗာရမှူကြီး သည့် မိုးစင်၏ စိတ်က ကြိုတင် ပုံဖော်ထားပုံ နှင့်ကွာခြားပါသည် .... ..
ကြီးမားလှသော ကုမ္ပဏီကြီးကို ဦးဆောင်နေသူ သည် အသက်ငါးဆယ်ကျော် အမျိုးသားကြီး တစ်ယောက် ဖြစ်မည်ဟု ထင်မှတ်ထားခဲ့သည်.. အခု လက်တွေ့မှာတော့...ထိုထက် နုပျိုနေသည်..
မင်း..ဒီ လုပ်ငန်းကို စိတ် ဝင်စားမယ်လို့ ထင် တယ် ..
ဟုတ်ကဲ့.. ကျွန်မကို ခိုင်းကြည့် ပါရှင်..တတ်နိုင်သမျှ အမှား နည်းအောင် ကြိုးစားပါ့ မယ် ..


မိုးစင် အဖြေကြောင့် သူ့ မျက်ခုံးတွေ မသိမသာ မြင့်တက်သွားခဲ့သည် ..
မှားတော့ မှားမယ်ဆိုတဲ့ သဘော လား..
လုံးဝ မမှားအောင် မိုးစင် ကြိုးစားပါ့မယ် ..
ကောင်းပြီ လေ.. ဒေါ်မျိုးသီရိ ကတော့ မင်းဘက်က ထောက်ခံချက် ပေး ထားပါတယ်.. ဒါနဲ့ မင်းအဖေနဲ့ အမေ နာမည်.. ဪ..နေဦး.. အဖေက ဦးလင်းနော် ..
ဟုတ်ကဲ့ ..
ဘာ အလုပ် လုပ် သလဲ ..


ဖေဖေ
ဆုံးသွားတာ ကျွန်မ ကို မမွေးခင်ကတည်းက ပါ..အခု ကျွန်မမှာ မေမေ ပဲ ရှိပါတယ်...
ဪ..အင်း.. မင်း မေမေက ဘာအလုပ် လုပ်သလဲ ..
မေမေ က..စက်ရုံမှာ ပါ..
ဟင်..မင်းက မိခင်နဲ့ အတူနေတာ မဟုတ်ဘူးပေါ့...
ထိုမေးခွန်းမျိုး ရင်ဆိုင် အမေးခံရမှာကို မိုးစင် စိုးရိမ်ထားခဲ့ပါသည် .. အခုလည်း အလုပ်ရှင်က မေးနေပြီ ..... ...


ဆောရီး.. ဦး မေးခွန်းက ဘောင်ကျော်သွားပြီး..ဦးစိတ်ထဲမှာ မင်းကို ရင်းနှီးသွားလို့..မေးလိုက်တာပါ.. ကဲ မင်းကို ..ဦးအလုပ်ခန့်လိုက်ပြီ မိုးစင်စင်..မနက်ဖြန်စဆင်းတော့..ဟုတ်လား...
ဟုတ်ကဲ့..
မင်းကို..ဦး တစ်လ အစမ်း ခန့်ကြည့်မယ်.. ဒေါ်မြိုးသီရိ ကလည်း ထောက်ခံပေးထားလို့..ပြီးတော့..ကိုယ့်မှာ မင်း လုပ်ရမယ့် ဝန်ထမ်းနေရာ လစ်လပ်နေတယ်..
အရင် လုပ်နေတဲ့ ကောင်မလေးကို..ကိုယ် အလုပ် ထုတ်ပစ်လိုက်တယ်..
ဦးတာရာမှူကြီး တည်ငြိမ်စွာ ပြောပြနေတာကို မိုးစင် အလေးအနက် နားထောင်နေလိုက်ပါသည် .... ..
ကိုယ့်ရဲ့ အလုပ်ခွင် စည်းကမ်းတွေကို..သူက အမြဲ ပေါ့တီးပေါ့ဆလုပ်တယ်..အလေးအနက် မထားဘူး ..


ကိုယ်သူ့ကို နှစ်ကြိမ် သတိပေးပြီး..သုံး ကြိမ်မြောက်မှာ အလုပ်ထုတ်ပစ် လိုက်တယ်..သူက အရည်အချင်း ရှိပါတယ်.. ဒါပေမဲ့..စည်းကမ်းကို မနာခံဘူး...
ကိုယ့် အလုပ်ခွင်မှာက မိန်းကလေးပဲ ဖြစ်ဖြစ် ယောကျ်ားလေးပဲ ဖြစ်ဖြစ် စည်းကမ်းက အဓိက ပဲ..
ဒီတော့ ကိုယ့်အလုပ်ခွင် စည်းကမ်း ကို မင်း သိထားသင့်တယ်..ရုံးခန်း ရဲ့ အရှေ့ဘက် ကြော်ငြာဘုတ်မှာ ကပ်ထားတာ..မင်းတွေ့မှာပါ..
အိုကေ.. အသေအချာ ဖတ် ပြီးရင် အဲဒီ စည်းကမ်းတွေ ကို မင်း လိုက်နာဖို့ အဆင် ပြေမလား ..
ဟုတ်ကဲ့.. မိုးစင် တွေ့ခဲ့ပါ တယ် ..


ဟုတ်ကဲ့ .. ကျွန်မ လိုက်နာနိုင်ပါတယ်..
ဟုတ်ပြီ .. ဒါဆို မနက်ဖြန် အလုပ်စဆင်းပါ.. မင်းရဲ့ အရည်အချင်းကိုတော့ နည်းနည်းပါးပါး စစ်ဆေးရဦးမှာပေါ့ ..
ဦးတာရာပွကြီး ၏ စကားကြောင့် မိုးစင်မော့ကြည့်မိတော့ ..... ...
မလေနှ့် ပါနဲ့..မင်းမှာ လိုအပ်တာလေးတွေ ရှိရင် သင်ပြပေးမှာပေါ့ ..
သူ့စကားကြောင့် တင်းကြပ်စိုးရိမ်နေသော စိတ်တို့ ပြေလျော့သွားရပါတယ် .... ..
ရှု တစ်ယောက်ဟာ ချက်ချင်းကြီးတော့ မလုပ်ဖူးသေးတဲ့ အလုပ်နဲ့ အံဝင်ခွင်ကျ ဘယ်ဖြစ်ပါ့မလဲ ..
၉


အခန်း . ၂ .
တစ်လအတွင်းမှာ ကျွမ်းပါးခဲ့ ရောက်ခဲ့သည့်.. အခု ဦးတာရာပွဲကြီး၏ အလှကုန်ကျွမ်းကြီးမှာ
မိုးစင် အတွက် အဆင်ပြေခဲ့တာ သိပ်ကို ကံကောင်း ပါသည် ..... ...
ဒီအလုပ်က မိုးစင် ဘဝ ရှင်သန်ရပ်တည်ဖို့.
အတွက်တော့ သိပ်ကို အဆင်ပြေပါသည်.
ဒါပေမဲ့.. မိုးစင် ရဲ့ ဝါသနာအတွက်တော့
ပိုလို့.အလှမ်းဝေးသွားခဲ့ပြီလား .... ..
တကယ်တမ်း စဉ်းစား
ကြည့်တော့ မေ့မေ့
စကားတွေက အရမ်း
မှန်နေပါသည်..လူ့.ဘဝ
ရှင်သန်ရပ်တည်မှု
အောက်မှာ မိုးစင် ရဲ့
အနုပညာ ဝါသနာစိတ်
တွေက မှေးမှိန်ပျောက်
ကွယ်သွားတော့မည်
တဲ့လား ...... ..


မေမေက.. သူ့ရဲ့စည်းစိမ် ဥစ္စာတွေပေါ်မှာ အခန့်သား ထိုင်ပြီး မိုးစင် ရဲ့ဝါသနာကို အတ္တဆန်စွာ လျှောက်လှမ်းချင် တာလားဟု မေးခဲ့သည် ..ထို စကားတစ်ခွန်းကမိုးစင် ရင်ကို ထိရှသွားခဲ့တာ ဖြစ်သည် ....
စိတ်ချ မေမေ..မေမေ့ရဲ့ချမ်းသာ ပိုင်ဆိုင်မှုငွေကြေးတွေနဲ့ သမီးရဲ့ ဝါသနာကို လှေကားထစ် ဘယ်တော့မှ မလုပ်ပါဘူး..သမီး အစွမ်းအစနဲ့ ကြိုးစားပြမှာပါ ..
မိုးစင် သမီး တကယ် ဆုံးဖြတ်လိုက်တာလား ..
ဟုတ်တယ် မေမေ..သမီး ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်ပြီး အောင်မြင်တဲ့ အနုပညာရှင် တစ်ယောက်ဖြစ်အောင် ကြိုးစားပြမယ် ..


ဒီလောက်ထိ ရုပ်ရှင်နေရင် မေမေ ခွင့်ပြုတယ်..ဒါပေမဲ့ သမီး လိုချင်တဲ့ အောင်မြင်မှု အတွက် မိန်းမတစ်ယောက်ရဲ့ ဂုဏ်သိက္ခာ..ကိုယ်ကျင့်တရားနဲ့ မလဲလှယ်ရဘူး ..
မိုးစင်စင် ဟာ..ဒေါ်မာနဖြူရဲ့ သမီးပါမေမေ..ဘယ်တော့မှ အဲဒီလို အလုပ်မျိုး မလုပ်ပါဘူး..သမီး အရည်အချင်း အစစ်အမှန်နဲ့ ကြိုးစားပြမှာပေါ့ ..
ကောင်းပြီ.. ငွေကြေးအတွက် သမီးမှာ အခက်အခဲ ရှိတယ်ဆိုရင် ဘဏ်စာရင်းမှာ သမီးစိတ်တိုင်းကျ ထုတ်ယူနိုင်တယ် ..
ဘဝကို တစ်ယောက်တည်း ရုန်းကန်မည့်သမီးအတွက် မေမေသည် မိဘတစ်ဦး၏ သောကနှင့် စီစဉ်ပေးခြင်းဟု မိုးစင် နားလည်ပါသည် .... ...


ဒါပေမဲ့..မေမေ သုံးခွင့်ပေးထားသော ဘဏ်ငွေစာရင်းကို
ဘယ်လိုအကြောင်းနှင့်မှ မထိဟု မိုးစင်မာနထားခဲ့သည်
ရန်ကုန်မှာ အဆောင်ငှားနေသည်..စင်္ကာပူနှင့် မြန်မာပြည် အိမ်ဦးနှင့်ကြမ်းပြင် ကူးသန်းနေသော
မေမေ ရန်ကုန် မြို့နှင့်တိုက်ကြီး ဝယ်ထားပေမယ့် မိုးစင် မနေပါ ...... ..
အခုတော့..အလုပ်တစ်ခု ရခဲ့ပြီ..
ဒါပေမဲ့ ..ဒီအလုပ်ထဲမှာပဲ
မိုးစင် အချိန်ပြည့် နှစ်မထား
နိုင်ပါ..ဝါသနာ ရည်ရွယ်ချက်
အတွက် လမ်းစကို ရှာဖွေ
ရဦးမည် .... ....
မေမေ့ရဲ့ အကူအညီအထောက်အပံ့တွေနှင့်
ကင်းလွတ်စွာ အောင်မြင်အောင် ကြိုးစားချင်၏

ရုံးရောက်တော့ ကိုးနာရီထိုးဖို့ ,ဆယ်မိနစ်သာသာလောက်တောင် စောနေသေးသည်.. မိုးစင် အပါ
အဝင်မှဝန်းထမ်းအင်အားက ဆယ်လောက်ပဲ ရှိသည်..အားလုံးက ယောကျ်ားလေး ဝန်ထမ်းတွေပါပဲ





ကားတံခါး ဖွင့်ဆင်းလာသော ဦးတာရာပွဲကြီးပုံစံကလူငယ်တစ်ဦးလို
တက်ကြွလန်းဆန်းနေသည် ...... ..
သားရေ လက်ဆွဲအိတ်ကို ဆွဲကာ လှမ်းလာနေသော ဦးတာရာပွဲကြီးကို မိုးစင် လည်း တခြား ဝန်ထမ်းတွေ နည်းတူ ရုံးခန်းဝက ရပ်ပြီး စောင့်ကြိုနေလိုက်သည် ...
ဂွတ် မောနင်း...
အပြုံးတစ်ခု နှင့် ဝန်ထမ်းအားလုံးကို နှုတ်ဆက်သော သူ့ အသွင်က ကြည်လင်လန်းဆန်းနေသည် ...


ဂွတ် မောနင်း ဆရာ..
အားလုံးကလည်း ပြန်လည် နှုတ်ဆက်ကာ ကိုယ့် ရုံးခန်းဆီ ကိုယ် လှည့်ဝင်သွားကြသည် ...... ..
မိုးစင် ကတော့..သူနှင့် ရုံးခန်းတူဖို့ တံခါးဝကပဲ ရပ်စောင့်ရသည် .... ...
မင်း အလုပ် ချိန် တိကျသားပဲ..ဂွတ် မောနင်းပါ မိုးစင်စင်..
ဟုတ်ကဲ့ ဂွတ်မောနင်းပါ ဦး ..


ကဲ..ဒီမှာ
ရုံးခန်းတံခါးသော့ ဖွင့်လိုက်..
နောက်နေ့တွေကျ မင်းကို သော့အပို
ပေးထားမယ်..စောရောက်နေရင် ရုံး
ခန်းထဲ ဝင်ရောက်နေလို့ရတာ
ပေါ့ ...
သော့ကို ယူကာ မိုးစင်
ရုံးခန်းတံခါးကို
ဖွင့်လိုက်သည် .... ...
ရုံးခန်းထဲ အဝင်မှာ မိုးစင် က..သူ့
လက်ထဲက သားရေအိတ်ကို
အလိုက်တသိ လှမ်းယူတော့ ...
ကျေးဇူးပဲ
မိုးစင် ..


သူ ကျေးဇူးတင်စကားပြောကာ အလုပ်စားပွဲဆီ လျှောက်သွား၏ ..
ဟောဟို စားပွဲမှာ မင်းရုံးထိုင် ပေါ့..ခဏလေး..ငါးမိနစ်မှာ မင်း စစ်ဆေးပေးရမယ့် စာရင်း ဖိုင်တွေ ပါလာပို့ပေးမယ်..
ဟုတ်ကဲ့ပါ ဦး...
တကယ်လည်း သူမ အလုပ်စားပွဲမှာ ထိုင်ပြီး ငါးမိနစ်မှာ.. သူ့စာရင်း ဖိုင်တွဲတွေ ယူလာကာ ပေးသည် ...

သူ့စေခိုင်းမှာကြားချက်တွေကို အသေအချာ နားထောင်ပြီးတော့ မိုးစင် လုပ်စရာရှိတာကို ဆက်လုပ်လိုက်ပါသည် ..... ..






ဦးတာရာမှူးကြီး စေခိုင်းသော
တာဝန်တွေကို ထမင်း
စားချိန် ဆယ့်တစ်နာရီ
မခွဲခင်မှာပဲ မိုးစင် ပြီးဆုံး
သွားခဲ့၏ ..... ...




မိုးစင် .. ဆယ့်တစ်ခွဲကျရင် ထမင်း စားချိန်နော်..ညာဘက်မှာ စား သောက်ခန်း ရှိတယ်..အဲဒီမှာ မင်း သွားစား..မပြီးသေးတဲ့ အလုပ် တွေ..ပြီးမှ ဆက်လုပ် ဟုတ် လား ...
မိုးစင် အားလုံး ပြီးပြီး ဦး အခုပဲ ဦးကို လာအပ် တော့မလို့...
အိုကေ.. ပြီးရင် စစ်ကြည့်တာပေါ့ မင်း Lunch time ဆင်း လို့ ရပါပြီ ..
ဟုတ်..
ဆယ့်တစ်နာရီလည်း ခွဲပြီမို့ မိုးစင် ရုံးခန်းထဲက ထွက် ခဲ့လိုက်သည် .... ...